ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
အမိန့်ကြော်ငြာစာအမှတ်၊ ၁၉ /၂၀၂၃
၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်
( ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

**သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေနိုင်သည့် ကုန်ကြမ်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်းများ ဖျက်ဆီးခွင့်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် မူဝါဒလမ်းညွှန်ချက်ထုတ်ပြန်ခြင်း**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေပုဒ်မ ၄၂ (ခ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

၁။ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းများအတွက် လိုအပ်သော ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်းများကို ပြည်တွင်းသို့ တင်သွင်းခဲ့ပြီး တင်သွင်းစဉ်က အသုံးပြုရန် ရည်ရွယ်ထားသည့်အတိုင်း အသုံးပြုနိုင်ခြင်းမရှိသည့်အတွက် ယင်း ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများကို တစ်နည်းနည်းဖြင့် ဖျက်စီးခြင်းပြုရသည့် အခါတွင် ညစ်ညမ်းစေသူ တာဝန်ယူသည့် အခြေခံမူ (polluter pay principle) အရ သဘာဝ ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ပူးတွဲပါ မူဝါဒလမ်းညွှန်ချက်များနှင့်အညီ လိုက်နာ ဆောင်ရွက်ရမည်။

၂။ အပိုဒ် ၁ အရ ပူးတွဲဖော်ပြထားသည့် မူဝါဒလမ်းညွှန်ချက်များကို လိုက်နာဆောင်ရွက်ခြင်း မရှိပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်။

(ပုံ) ခင်မောင်ရီ
ပြည်ထောင်စုဝန်ကြီး

စာအမှတ် ၊ (သစ်တော) ၃(၂)/ ၁၆ ( ၆၅၈ / ၂၀၂၃)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်

<u>ဖြန့်ဝေခြင်း</u>

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးရုံး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာနအားလုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်
ပြည်ထောင်စုရာထူးဝန်အဖွဲ့ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့အားလုံး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး
မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး
သက်ဆိုင်ရာပုဂ္ဂိုလ်များ
ညွှန်ကြားရေးမှူးချုပ် } မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်
ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန } ထည့်သွင်းကြေညာပေးရန်

အမိန့်အရ

၁၈.၂.၂၀၂၄

(လှမောင်သိန်း)
အမြဲတမ်းအတွင်းဝန်
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

ပူးတွဲ

## "သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေနိုင်သည့် ကုန်ကြမ်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်းများ ဖျက်ဆီးခွင့်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် မူဝါဒလမ်းညွှန်ချက်"

**နိဒါန်း**

၁။ Myanmar Pou Chen Co.,Ltd, Telenor Myanmar Ltd နှင့် Foxlink Myanmar Co.,Ltd တို့၏ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့သည့် ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ထုတ်လုပ်ပြီး ကုန်ချောများ ဖျက်ဆီးခွင့်နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စက်မှုကုန်ထုတ်လုပ်သူများအသင်း တို့မှ တင်ပြလာမှုအပေါ် ၃၀-၃-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၂/၂၀၂၂)ကြိမ်မြောက် အစည်းအဝေးက သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီး စေနိုင်သည့် ကုန်ကြမ်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်းများ ဖျက်ဆီးခွင့်နှင့်စပ်လျဉ်း၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက မူဝါဒတစ်ခုပြုစုရန် ဆုံးဖြတ်ခဲ့မှု အပေါ် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးစေနိုင်သည့် ကုန်ကြမ်း၊ လုပ်ငန်းသုံးပစ္စည်းနှင့် စက်ပစ္စည်းများ ဖျက်ဆီးခွင့်နှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရမည့် အခြေခံလမ်းညွှန်ချက် များကို ပြုစုရခြင်းဖြစ်ပါသည်။

**ရည်မှန်းချက်**

၂။ မြန်မာနိုင်ငံ၏ တောက်ပသောအနာဂါတ်ကို ရည်မှန်း၍ ထာဝစဉ်စိမ်းလန်းသန့်ရှင်းပြီး ကောင်းမွန်မျှတသော ပတ်ဝန်းကျင်ကို ဖော်ဆောင်သွားရန်၊ စွန့်ပစ်ပစ္စည်းကင်းစင်ပြီး ကျန်းမာ ပျော်ရွှင်သော လူမှုပတ်ဝန်းကျင်ကို ဖန်တီးနိုင်ရန်နှင့် သန့်ရှင်းသာယာသော လူနေထိုင်မှုစနစ်တို့ကို အနာဂါတ်မျိုးဆက်သစ်များဆီသို့ လက်ဆင့်ကမ်းပေးသွားနိုင်ရန် ဖြစ်ပါသည်။

**ရည်ရွယ်ချက်**

၃။ ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် စက်ပစ္စည်းများ ဖျက်ဆီးခြင်းနှင့်ပတ်သက်၍ အောက်ဖော်ပြပါ ရည်ရွယ်ချက်များအတိုင်း ပြုစုတင်ပြရခြင်းဖြစ်ပါသည် -

(က) အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့သည့် ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် စက်ပစ္စည်းများ ဖျက်ဆီးခွင့်နှင့်စပ်လျဉ်း၍ မူဝါဒလမ်းညွှန်ချက်တစ်ခုကို ရေးဆွဲ အကောင်အထည် ဖော်ရာတွင် အထောက်အကူဖြစ်စေရန်၊

(ခ) ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်စက်ပစ္စည်းများ ဖျက်ဆီးခြင်းနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုကို ထည့်သွင်းဆောင်ရွက်ရန်၊

(ဂ) ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် စက်ပစ္စည်းများဖျက်ဆီးခြင်းနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ကိုညစ်ညမ်းမှုမဖြစ်စေသော နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်။

၄။ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေနိုင်သည့် ကုန်ကြမ်း၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများ ဖျက်ဆီးခွင့်နှင့်စပ်လျဉ်း၍ မူတစ်ခုချမှတ်ရာတွင် အောက်ဖော်ပြပါ အချက်များကို အခြေခံ၍ လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည် -

(က) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ (၁၄) အရ ညစ်ညမ်းမှုကို စတင်ဖြစ်ပေါ်စေသူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုကိုဖြစ်စေသည့် ပစ္စည်းများကို သတ်မှတ်ထားသည့် ပတ်ဝန်းကျင်အရည်အသွေးစံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချက်များအတိုင်း သန့်စင်ခြင်း၊ ထုတ်လွှတ်ခြင်း၊ စွန့်ပစ်ခြင်းနှင့် စုပုံခြင်းများ ပြုလုပ်ရမည်။

(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ (၁၅) အရ ညစ်ညမ်းမှုကို စတင် ဖြစ်ပေါ်စေသည့်လုပ်ငန်း၊ ပစ္စည်း သို့မဟုတ် နေရာတစ်ခုခု၏ ပိုင်ရှင် သို့မဟုတ် လက်ရှိဖြစ်သူသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုများကို စောင့်ကြပ်ကြည့်ရှုရန်၊ ထိန်းချုပ်ရန်၊ စီမံခန့်ခွဲရန်၊ လျှော့ချရန် သို့မဟုတ် ပပျောက်စေရန် လုပ်ငန်းခွင်အထောက်အကူပြုပစ္စည်း သို့မဟုတ် ထိန်းချုပ်ရေး ပစ္စည်းကိရိယာကို တပ်ဆင်ခြင်း သို့မဟုတ် သုံးစွဲခြင်းပြုရပါမည်။ ယင်းသို့ ဆောင်ရွက်ခြင်း မပြုနိုင်ပါက စွန့်ပစ်ပစ္စည်းများအား ပတ်ဝန်းကျင်ကို မထိခိုက်စေသော နည်းလမ်းများနှင့်အညီ စွန့်ပစ်နိုင်ရန် စီစဉ်ဆောင်ရွက်ရမည်။

(ဂ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ ပုဒ်မ (၁၆) အရ စက်မှုနယ်မြေရှိ လုပ်ငန်းကိုဖြစ်စေ၊ အထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းကိုဖြစ်စေ၊ ဝန်ကြီးဌာနက သတ်မှတ်သည့် လုပ်ငန်းအမျိုး အစားကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းသည် (က) စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲရေး၊ ပြုပြင်သန့်စင်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သက်ဆိုင်ရာစုပေါင်းအစီအမံတွင် သတ်မှတ်သည့် ငွေ သို့မဟုတ် ပစ္စည်း ထည့်ဝင်၍ ဆောင်ရွက်ရန် တာဝန်ရှိသည်။ (ခ) သက်ဆိုင်ရာ စက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန်နှင့် လုပ်ငန်းအဖွဲ့အစည်းအလိုက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးအတွက် သတ်မှတ်သည့် အသုံးပြုခ သို့မဟုတ် စီမံခန့်ခွဲမှု ကုန်ကျ စရိတ်ကို ထည့်ဝင်ရမည်။ (ဂ) သက်ဆိုင်ရာစက်မှုနယ်မြေ၊ အထူးစီးပွားရေးဇုန် သို့မဟုတ် လုပ်ငန်းအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ထုတ်ပြန်သော ညွှန်ကြားချက်များကို လိုက်နာ ဆောင်ရွက်ရမည်။

(ဃ) ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ (က) အမှတ်စဉ်-၁၀၃ အရ ဘေးအန္တရာယ်မရှိသောစွန့်ပစ်ပစ္စည်းစွန့်ပစ်ခြင်းလုပ်ငန်းသည် မြေဖို့ခြင်း တစ်ရက်လျှင် ၁၀ တန်အောက်နှင့် စွန့်ပစ်ပစ္စည်း တန် ၂၅၀၀၀ အောက်၊ အခြား စွန့်ပစ်ပစ္စည်း တစ်ရက်လျှင် တန် ၅၀ အောက်ဖြစ်ပါက ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (Initial Environmental Examination – IEE) အစီရင်ခံစာ၊ မြေဖို့ခြင်း တစ်ရက်လျှင် ၁၀ တန်နှင့်အထက် စွန့်ပစ်ပစ္စည်း တန် ၂၅၀၀၀ နှင့်အထက်၊ အခြားစွန့်ပစ်ပစ္စည်း တစ်ရက်လျှင် တန် ၅၀ နှင့်အထက် ဖြစ်ပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (Environmental Impact Assessment – EIA) အစီရင်ခံစာ၊ အမှတ်စဉ်-၁၀၄ အရ ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများ မီးရှို့ခြင်းလုပ်ငန်းသည် တစ်နာရီ ၃ တန် အောက်ဖြစ်ပါက ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ၊ တစ်နာရီ ၃ တန် နှင့်အထက်ဖြစ်ပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ၊ အမှတ်စဉ်-၁၀၅ အရ ဘေးအန္တရာယ်မရှိသော စွန့်ပစ်ပစ္စည်းများမှ ရရှိနိုင်သော အခြားပစ္စည်း ပြန်လည် ထုတ်ယူခြင်း၊ ပြန်လည်ရယူခြင်း သို့မဟုတ် ပြန်လည်အသုံးချခြင်း လုပ်ငန်းသည် တစ်ရက်လျှင် ၁၀ တန်အောက်ဖြစ်ပါက ကနဦးပတ်ဝန်းကျင် ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ၊ တစ်ရက်လျှင် ၁၀ တန်နှင့်အထက်ဖြစ်ပါက ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း(EIA) အစီရင်ခံစာ စသည်ဖြင့် လုပ်ငန်းအမျိုးအစားအလိုက် အရွယ်အစား ပေါ်မူတည်၍ သတ်မှတ်ချက်အတိုင်း ကနဦးပတ်ဝန်းကျင်ဆန်းစစ် ခြင်း (IEE) အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာများအား ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျရေးဆွဲ၍ သယံဇာတ နှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက် ရယူရ မည် ဖြစ်ပါသည်။

(င) ဘေးအန္တရာယ်ရှိသော စွန့်ပစ်ပစ္စည်းများနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ် ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်း၏ နောက်ဆက်တွဲ (က) အမှတ်စဉ်-၁၀၆ အရ ဘေးအန္တရာယ်ရှိသောစွန့်ပစ်ခြင်း လုပ်ငန်းအားလုံးသည် ပတ်ဝန်းကျင် ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ၊ အမှတ်စဉ်- ၁၀၇ အရ ဘေးအန္တရာယ် ရှိသော စွန့်ပစ်ပစ္စည်းများမှ ရရှိနိုင်သော အခြားပစ္စည်းများ ပြန်လည်ထုတ်ယူခြင်း၊ ပြန်လည်ရယူခြင်း သို့မဟုတ် ပြန်လည်အသုံးပြုခြင်းလုပ်ငန်းသည် တစ်ရက်လျှင်

တစ်ရက်လျှင် ၁၀ တန်နှင့်အထက်ဖြစ်ပါက ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာ စသည်ဖြင့် လုပ်ငန်းအမျိုးအစားအလိုက် အရွယ်အစားပေါ်မူတည်၍ သတ်မှတ်ချက်အတိုင်း ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း (IEE) အစီရင်ခံစာ သို့မဟုတ် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း (EIA) အစီရင်ခံစာများအား ကျွမ်းကျင်ပညာရှင်များဖြင့် စနစ်တကျရေးဆွဲ၍ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ တင်ပြအတည်ပြုချက်ရယူရမည် ဖြစ်ပါသည်။

(စ) ဖျက်ဆီးခြင်းကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်လေ၊ ရေ၊ မြေညစ်ညမ်းမှုနှင့် လူသားတို့၏ ကျန်းမာရေးအပေါ် ထိခိုက်မှုတစ်စုံတစ်ရာ မရှိစေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများအား အကောင်အထည်ဖော် ဆောင်ရွက်ရမည်။

(ဆ) ဖျက်ဆီးမည့်ပစ္စည်းတွင် ဖျက်ဆီးမည့်ပစ္စည်းအမျိုးအစားများ၊ ပမာဏ၊ တာဝန်ယူဖျက်ဆီးမည့် အဖွဲ့အစည်း၊ ဖျက်ဆီးမည့်နေရာ၊ ဖျက်ဆီးမည့်နည်းလမ်းစသည့် အချက် အလက်များကို ဖျက်ဆီးခြင်းကို ဆောင်ရွက်မည့်သူက တင်ပြရမည်။

(ဇ) အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့သော ပစ္စည်းများဖြစ်၍ ဖျက်ဆီးမည့်ပစ္စည်းများအား အကျိုးရှိစွာ အသုံးပြုနိုင်ရေးကိုဦးတည်ကာ ဖျက်ဆီးခြင်းထက် ပြန်လည်ပြုပြင်ထုတ်လုပ်ခြင်း (recycle) ကို ဦးစားပေးစဉ်းစားသင့်ပါသည်။

(ဈ) ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်ပျက်စီးမှုများကို ကာကွယ်တားဆီးနိုင်ရေးအတွက် ဖျက်ဆီးခြင်းကို (၆)လအတွင်း အပြီးသတ်ဆောင်ရွက်ရမည်။

(ည) ကုမ္ပဏီအတွက် လိုအပ်သောပစ္စည်းများ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့စဉ်က အဆိုပါ ကုန်ပစ္စည်းများကို တင်သွင်းသည့်ရည်ရွယ်ချက်နှင့် အခွန်ကင်းလွတ်ခွင့်ဖြင့် ပစ္စည်းတင်သွင်းသူက လိုက်နာရမည့် စည်းကမ်းချက်များနှင့်အညီ ကုန်ပစ္စည်းများကို အသုံးပြုနိုင်ခြင်းမရှိပါက ခိုင်လုံသောအကြောင်းအရင်းကို တင်ပြရမည်။

(ဋ) နောင်တွင် အလားတူကိစ္စရပ်များ မဖြစ်ပေါ်စေရေးအတွက် ကုန်ပစ္စည်းများ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခြင်းအတွက် ထောက်ခံချက် ထုတ်ပေးရာတွင် တင်သွင်းရသည့် ရည်ရွယ်ချက်နှင့်အညီ ကုန်ပစ္စည်းများကို အသုံးပြုနိုင်ခြင်းမရှိပါက တင်သွင်းသူအား သက်ဆိုင်ရာဌာနများ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်ရမည်။

(ဌ) အခွန်ကင်းလွတ်ခွင့်ဖြင့် တင်သွင်းခဲ့သည့် ကုန်ပစ္စည်းများနှင့်စပ်လျဉ်း၍ နိုင်ငံတော်

သည့် ရည်ရွယ်ချက်အတိုင်း အမှန်တကယ်ဆောင်ရွက်နိုင်ခြင်းမရှိပါက စီးပွားရေးလုပ်ငန်းရှင်များမှ တာဝန်ယူဆောင်ရွက်ရမည့်အချက်များကို တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပြီး လိုက်နာဆောင်ရွက်နိုင်ခြင်းမရှိပါက ထုတ်လုပ်သူမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ရမည့် သတ်မှတ်ချက်အနေဖြင့် (Extended Producer Responsibility -EPR) ကို ကျင့်သုံးဆောင်ရွက်ရမည်။

**နိဂုံး**

၅။ အခွန်ကင်းလွတ်ခွင့်ဖြင့်ဖြစ်စေ၊ အခွန်ပေးဆောင်၍ဖြစ်စေ တင်သွင်းခဲ့သည့် ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းများ နှင့် ထုတ်လုပ်ပြီးကုန်ချောများအား မူလရည်ရွယ်သည့်အတိုင်း အသုံးပြုနိုင်ခြင်းမရှိသဖြင့် ဖျက်ဆီးခွင့်နှင့်စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်ရာတွင် ဖျက်ဆီးသည့်နည်းလမ်း (ဥပမာ-မီးရှို့ဖျက်ဆီးခြင်း၊ Landfill မြေမြှုပ်ဖျက်ဆီးခြင်း) အရလည်း ပတ်ဝန်းကျင်အပေါ် ထိခိုက်မှုအမျိုးမျိုးရှိနိုင်ပြီး၊ ဖျက်ဆီးမည့် ကုန်ပစ္စည်းအမျိုးအစားပေါ် မူတည်၍လည်း ပတ်ဝန်းကျင်အပေါ်တွင် ထိခိုက်မှုအမျိုးမျိုး ရှိနိုင်မည်ဖြစ်ပါသဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ကြရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု လျှော့ချနိုင်ရေးနှင့် ပတ်ဝန်းကျင်ထိခိုက်မှု အသက်သာဆုံးနည်းလမ်းဖြင့် ဆောင်ရွက်နိုင်ရေးအတွက် မူဝါဒချမှတ်အကောင်အထည်ဖော်ရာတွင် ထည့်သွင်းရမည့် မူဝါဒလမ်းညွှန်ချက် ဖြစ်ပါသည်။